# အွန်လိုင်းတွင် မှာယူသည့်အခါ ငွေသား တန်ဖိုး အကျိုးခံစားခွင့်များ

လတ်ဆတ်သော သစ်သီးများနှင့် ဟင်းသီးဟင်းရွက်များကို Walmart.com တွင် ဝယ်ယူသည့်အခါ ကုန်ပစ္စည်းများ၏ အလေးချိန်ပေါ်မူတည်၍ အပြီးသတ်ကုန်ကျစရိတ်တွင် အပြောင်းအလဲရှိနိုင်ပါသည်။ မှာယူမှုပြီးဆုံးသည့်အခါ ဆိုင်ဝန်ထမ်းက ပစ္စည်းများ၏ အမှန်တကယ် အလေးချိန်နှင့် အပြီးသတ်ကုန်ကျစရိတ်ကို ဆုံးဖြတ်ရန် ၎င်းတို့ကို ချိန်ရပါမည်။

မှာယူချိန်၌ **WICShopper အက်ပ်** ထဲတွင် ခန့်မှန်းကုန်ကျစရိတ်ကိုသာ ပြသပါမည်။ ဝန်ထမ်းက သစ်သီးနှင့် ဟင်းသီးဟင်းရွက်များကို ချိန်ပြီးသည်နှင့်တစ်ပြိုင်နက် ဈေးနှုန်းကို အတိုးအလျှော့လုပ်ကာ ၎င်းကို အက်ပ်ထဲတွင် ပြန်အမ်းငွေအဖြစ် ပြသပါမည်။ ကုန်ပစ္စည်းများ၏ မှန်ကန်သော အပြီးသတ်ကုန်ကျစရိတ်သည် အက်ပ်ထဲတွင် ပေါ်လာပါမည်။

## ဥပမာ -

သင်က ထောပတ်သီး၊ ငှက်ပျောသီးနှင့် ပန်းသီးတို့ကို အွန်လိုင်းတွင် မှာယူ၍ ဆိုင်၌သွားယူရန် ရွေးလိုက်ပါသည်။

ဤဥပမာတွင် ဆိုင်ဝန်ထမ်းက ငှက်ပျောသီးနှင့်ပန်းသီးတို့ကို ချိန်ရန်လိုအပ်ပါသည်။ ဆိုင်များသည် ထောပတ်သီးကဲ့သို့ သစ်သီးများနှင့် ဟင်းသီးဟင်းရွက်များကို တစ်ခုချင်းအလိုက် ဈေးနှုန်းကောက်ခံပါသည်။ ဆိုင်ဝန်ထမ်းက ဤကုန်ပစ္စည်းများကို ချိန်စရာမလိုသဖြင့် ဈေးနှုန်းမှာ အတူတူပင်ဖြစ်သည်။

အောက်ပါဇယားကွက်များသည် မှာယူမှု၏ အပြီးသတ်ကုန်ကျစရိတ်နှင့် နှိုင်းယှဉ်ထားသည့် ခန့်မှန်းကုန်ကျစရိတ် ဖြစ်ပါသည်။

**ငွေရှင်းကောင်တာ၌ ချိန်ထားသော ကုန်ပစ္စည်းများ၏ ခန့်မှန်းကုန်ကျစရိတ်**

- **ထောပတ်သီး -** **$0.70**
- **ငှက်ပျောသီး -** **$0.28**
- **ပန်းသီး -** **$0.79**

**ငွေရှင်းကောင်တာ၌ ချိန်ထားသော ကုန်ပစ္စည်းများ၏ အပြီးသတ်ကုန်ကျစရိတ်**

- **ထောပတ်သီး -** **$0.70**
- **ငှက်ပျောသီး -** **$0.20**
- **ပန်းသီး -** **$0.58**

အောက်ပါတို့သည် ချိန်ထားသော သစ်သီးများ သို့မဟုတ် ဟင်းသီးဟင်းရွက်များပါသည့် အွန်လိုင်းမှာယူမှုတစ်ခု ပြီးဆုံးပြီးနောက် **WICShopper အက်ပ်တွင် သင်ဝယ်ယူထားသည့်မှတ်တမ်း** အတွက် ဥပမာဖြစ်ပါသည်။

| အတိုးအလျှော့မလုပ်မီ ငွေကောက်ခံမှု | အတိုးအလျှော့လုပ်ထားသော အစားအစာများအတွက် ငွေပြန်အမ်းခြင်း | အပြီးသတ်ကုန်ကျစရိတ် |
|---|---|---|
| **WALMART.COM** | **WALMART.COM** | **WALMART.COM** |
| FEB 11, 2025 2:29 PM | FEB 12, 2025 3:55 PM | FEB 12, 2025 3:55 PM |
| Fruit Vegetables Cas | Fruit Vegetables Cas | Fruit Vegetables Cas |
| $0.70 - AVOCADOS Hass | -$0.70 - AVOCADOS Hass | $0.70 - AVOCADOS Green |
| $0.28 - BANANAS Yellow includes | -$0.28 - BANANAS Yellow includes | $0.20 - BANANAS Yellow includes |
| $0.79 - APPLES Fuji | -$0.79 - APPLES Fuji | $0.58 - APPLES Fuji |

**မှတ်သားရန်မှာ -** ဆိုင်သည် သင့်ကို တစ်ကြိမ်ထက်ပို၍ ကောက်ခံခြင်းမရှိပါ။ ဆိုင်က သင့် Cash Value Benefit (ငွေသားတန်ဖိုး အကျိုးခံစားခွင့်) ထဲမှ အပြီးသတ်ကုန်ကျစရိတ်ကိုသာ နုတ်ယူပါသည်။

Washington State Department of HEALTH

**DOH 961-1324 CS March 2025 Burmese**

ဤစာရွက်စာတမ်းကို အခြားဖောမက်တစ်ခုဖြင့် ရယူလိုပါက 1-800-841-1410 ကိုဖုန်းခေါ်ပါ။ နားမကြားသူများနှင့် အကြားအားရုံ ချို့ယွင်းနေသည့် ဖောက်သည်များအတွက် 711 (Washington Relay) သို့ဖုန်းခေါ်ပေးပါ သို့မဟုတ် WIC@doh.wa.gov သို့ အီးမေးလ်ပို့ပေးပါ။